**FAQ – MPT CSR E-Learning Program**

**(၁) MPT CSR အီလက်ထရွန်းနစ်နည်းပညာသုံး ပညာရေးပလက်ဖောင်းဆိုတာ ဘာလဲ။**

MPT ရဲ့ CSR အီလက်ထရွန်းနစ်နည်းပညာသုံး ပညာရေးပလက်ဖောင်းဆိုတာ နိုင်ငံအနှံ့မှာရှိတဲ့ MPT ဆင်းမ်ကတ်သုံးစွဲသူ အနာဂတ် မျိုးဆက်သစ်လူငယ်တွေအနေနဲ့ ဘာသာစကား၊ အသက်မွေးဝမ်းကြောင်းအတတ်ပညာ တွေနဲ့ သတင်းနည်းပညာနဲ့ ဆိုင်တဲ့ပညာရပ်တွေကို လက်လှမ်းမီလွယ်လာသင်ယူနိုင်ဖို့ အတွက် မိတ်ဖက်အဖွဲ့အစည်း တွေနဲ့ပူးပေါင်းကာ MPT ရဲ့နိုင်ငံတစ်ဝန်းလုံးကိုလွှမ်းခြုံ ထားတဲ့ တယ်လီကွန်း ဆက်သွယ်ရေးကွန်ရက် ကနေတစ်ဆင့် ဆောင်ရွက်ပေးထားတဲ့ အွန်လိုင်းပလက်ဖောင်း အစီအစဉ် တစ်ခု ဖြစ်ပါတယ်။

**(၂) MPT အနေနဲ့ ယခု အီလက်ထရွန်းနစ်နည်းပညာသုံး ပညာရေးပလက်ဖောင်းက တစ်ဆင့် လူငယ်တွေကို ဘာတွေပေးအပ်နိုင်ဖို့ရည်ရွယ်ထားလဲ။**

MPT အနေနဲ့ ယခု အီလက်ထရွန်းနစ်နည်းပညာသုံး ပညာရေးပလက်ဖောင်းက လူငယ်တွေအတွက် မီးပြတိုက်သဖွယ်ဖြစ်စေမှာဖြစ်ပြီး အသက်မွေးဝမ်းကြောင်းကဏ္ဍ အတွက် ပညာရပ်တွေနဲ့လူမှုဘဝရပ်တည်နိုင်ရေးမှာ အထောက်အပံ့ဖြစ်စေမဲ့ အစိတ်အပိုင်း တစ်ခု ဖြစ်လာစေဖို့ MPT က ယုံကြည်ထားပါတယ်။

**(၃) MPT CSR အီလက်ထရွန်းနစ်နည်းပညာသုံး ပညာရေးပလက်ဖောင်းမှာ လက်ရှိ မိတ်ဖက်အဖွဲ့အစည်း ဘယ်နှစ်ဖွဲ့ရှိပါသလဲ။ ဘယ်သင်တန်းအတွက် ပူးပေါင်းဆောင်ရွက် ထားပါသလဲ။**

MPT CSR အီလက်ထရွန်းနစ်နည်းပညာသုံး ပညာရေးပလက်ဖောင်းမှာ လက်ရှိ မိတ်ဖက် အဖွဲ့အစည်း (၃) ခုရှိပါတယ်။ IT နည်းပညာသင်တန်းတွေအတွက် KMD သင်တန်း

ကျောင်း၊ အသက်မွေးဝမ်းကြောင်းပညာရပ်သင်တန်းတွေအတွက် Center for Vocational Training (CVT) သင်တန်း ကျောင်းနဲ့ ဘာသာစကားသင်တန်းအတွက် Soe San ဂျပန်စာသင်တန်းကျောင်း တို့နဲ့ ပူးပေါင်းဆောင်ရွက်ထားပါတယ်။

**(၄) MPT CSR အီလက်ထရွန်းနစ်နည်းပညာသုံး ပညာရေးပလက်ဖောင်းကနေ ကနဦးအနေနဲ့ ဘယ်လိုသင်တန်းတွေ တက်ရောက်လေ့လာနိုင်မလဲ။**

MPT CSR အီလက်ထရွန်းနစ်နည်းပညာသုံး ပညာရေးပလက်ဖောင်းကနေ ကနဦးအနေနဲ့ IT နည်းပညာ ၊ အသက်မွေးဝမ်းကြောင်းပညာရပ်၊ လုပ်ငန်းခွင်ကျွမ်းကျင်မှုဆိုင်ရာသင်တန်းတွေနဲ့ ဂျပန်ဘာသာစကားသင်တန်းတွေကို တက်ရောက်လေ့လာနိုင်မှာဖြစ်ပါတယ်။

**(၅) MPT CSR အီလက်ထရွန်းနစ်နည်းပညာသုံး ပညာရေးပလက်ဖောင်းမှာ ဘယ်ဆင်းမ်ကတ်ကိုင်ဆောင်သူမဆို သင်တန်းများတက်ရောက်လေ့လာလို့ရလား။**

MPT CSR အီလက်ထရွန်းနစ်နည်းပညာသုံး ပညာရေးပလက်ဖောင်းကို MPT ဆင်းမ်ကတ်ကိုင်ဆောင်သုံးစွဲသူ ရွေးချယ်ခံရသူဘယ်သူမဆို သင်တန်းများတက်ရောက်လေ့လာနိုင်ပါတယ်။

**(၆) MPT CSR အီလက်ထရွန်းနစ်နည်းပညာသုံး ပညာရေးပလက်ဖောင်းကို ဝင်ရောက်လေ့လာသင်ကြားနိုင်ဖို့ လူငယ်တွေအနေနဲ့စာရင်းပေးသွင်းဖို့ လိုအပ်ပါသလား။ ဘယ်နေ့ကနေစပြီး စာရင်းသွင်းလို့ရလဲ။ ဘယ်နေ့မှာ လျှောက်လွှာပိတ်မှာလဲ။**

MPT CSR အီလက်ထရွန်းနစ်နည်းပညာသုံး ပညာရေးပလက်ဖောင်းကို ဝင်ရောက်လေ့လာသင်ကြားနိုင်ဖို့ လူငယ်တွေအနေနဲ့ Google Form ကတစ်ဆင့်

စာရင်းပေးသွင်းဖို့လိုအပ်ပါတယ်။ ၂၀၂၃ ခုနှစ် မေလ ၃၁ ရက်နေ့ကစပြီး ဇွန်လ ၁၃ ရက်နေ့အထိ ရက်သတ္တပတ် နှစ်ပတ်အတွင်း စာရင်းသွင်းလျှောက်ထားနိုင်ပါတယ်။

**(၇) MPT CSR အီလက်ထရွန်းနစ်နည်းပညာသုံး ပညာရေးပလက်ဖောင်းမှာ စာရင်းသွင်းဖို့ ဘယ်ကနေစာရင်းသွင်းရမလဲ။**

စာရင်းပေးသွင်းဖို့အတွက် MPT CSR e-learning ဝက်ဘ်ဆိုက် https://csrelearning.mpt.com.mm/ သို့ ဝင်ရောက်ပြီး သက်ဆိုင်ရာ လင့်ခ်ကတစ်ဆင့် စာရင်းသွင်းတာအပြင် ဂူးဂဲလ်ဖောင်လင့်ခ် Google Form http://bitly.ws/FC2i မှတစ်ဆင့် စာရင်းသွင်းတာကိုလည်း လုပ်ဆောင်နိုင်ပါတယ်။ ဒီအတွက်တော့ ဘယ်အင်တာနက်လိုင်းကိုမဆိုအသုံးပြုပြီးလျှောက်ထားနိုင်မှာပါ။ အဲဒီလင့်အတွက်ကတော့ ဒေတာဖိုးကျသင့်နိုင်ပါတယ်။ အခုအစီအစဉ်နဲ့ပတ်သက်ပြီးတော့ ထပ်မံသိရှိ ချင်တာပဲဖြစ်စေ မရှင်းလင်းလို့ပဲဖြစ်စေ ဖုန်း ၀၉၈၆၃၀၀၅၀ ကိုဆက်သွယ်နိုင်မှာဖြစ်ပါတယ်။

**(၈) MPT CSR အီလက်ထရွန်းနစ်နည်းပညာသုံး ပညာရေးပလက်ဖောင်းမှာ လူဦးရေ ကန့်သတ်ထားတာရှိလား။**

MPT CSR အီလက်ထရွန်းနစ်နည်းပညာသုံး ပညာရေးပလက်ဖောင်းမှာ ဝင်ရောက်စာရင်းပေးသွင်းထားတဲ့ လျှောက်လွှာတွေထဲမှာမှ ၂၀၂၃ ခုနှစ်အတွက် သင်တန်းသားဦးရေ (၁,၀၀၀) ဦး ကို ကနဦးအနေနဲ့ လက်ခံပေးသွားမှာဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ သင်တန်းပြီးစီးမှုအလိုက် ထပ်မံပြီးလက်ခံပေးသွားမှာဖြစ်ပါတယ်။

**(၉) MPT CSR အီလက်ထရွန်းနစ်နည်းပညာသုံး ပညာရေးပလက်ဖောင်းကနေ ဘယ်လိုနည်းနဲ့ သင်တန်းတွေတက်ရောက်နိုင်လဲ။**

MPT ရဲ့ CSR E-learning Program ဝက်ဘ်ဆိုက်လင့်ခ် https://csrelearning.mpt.com.mm/ ကိုဝင်ရောက်ပြီး သင်တန်းတွေတက်ရောက်လေ့လာနိုင်မယ့်အပြင် မကြာခင်ကာလမှ IOS နဲ့ Android ဖုန်းအားလုံးကနေ MPT CSR E-learning အက်ပ်ကို ဒေါင်းလုတ်ဆွဲပြီး MPT ဆင်းမ်ကတ်သုံးစွဲသူလူငယ်တိုင်း သင်တန်းများကိုလျှောက်ထား တက်ရောက် နိုင်မှာဖြစ်ပါတယ်။

**(၁၀) MPT ကွန်ရက်နဲ့ ဝင်ရောက်အသုံးပြုတဲ့အခါ ဒေတာကုန်ကျမှုအတွက် အခမဲ့လား။**

MPT ကွန်ရက်နဲ့ ဝင်ရောက်အသုံးပြုသူဘယ်သူမဆို ဒေတာကုန်ကျမှုမရှိဘဲ အခမဲ့ဝင်ရောက်လေ့လာအသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဒါပေမဲ့ အခုဝက်ဘ်ဆိုက်လင့်ခ် ကတစ်ဆင့် အခြား တစ်ဆင့်ခံလင့်ခ်တွေကို ဝင်ရောက်ရာမှာတော့ အခြား ဝက်ဘ်ဆိုက်တွေကို ရောက်သွားတာဖြစ်တဲ့အတွက် ဒေတာဖိုးကျသင့်မှာဖြစ်ပါတယ်။

ရွေးချယ်ခံကျောင်းသားတွေအတွက် အသုံးပြုရာမှာတော့ ဗွီဒီယိုတွေရော သက်ဆိုင်ရာ စာရွက်စာတမ်းတွေအပြင် သင်ကြားရေးဆရာနဲ့တွေ့ဆုံမှုအတွက်ပါ ဒေတာကုန်ကျစရိတ် ကျသင့်မှာမဟုတ်ပါဘူး။

**(၁၁) MPT CSR အီလက်ထရွန်းနစ်နည်းပညာသုံး ပညာရေးပလက်ဖောင်းမှာ ဝင်ရောက်လေ့လာဖို့ အသက်အရွယ် ကန့်သတ်ထားတာ ရှိလား။ ဘယ်အသက်အရွယ်က ဘာတွေကို သင်ယူလို့ရလဲ။**

MPT CSR အီလက်ထရွန်းနစ်နည်းပညာသုံး ပညာရေးပလက်ဖောင်းမှာ ဝင်ရောက်လေ့လာဖို့ IT နည်းပညာနဲ့သက်ဆိုင်တဲ့ သင်တန်းတွေအတွက် အသက် ၈ နှစ်ကနေ ၁၂

နှစ်အတွင်း Kids Courses သင်တန်းတွေ၊ အသက် ၁၂ နှစ်နဲ့အထက် အတွက် Google ရဲ့ ရုံးသုံး Application သင်တန်းတွေ တက်ရောက်နိုင်ပါတယ်။ အသက်မွေးဝမ်းကြောင်းပညာရပ်တွေနဲ့ ဘာသာစကားသင်တန်းအတွက် အခြေခံပညာအထက်တန်းအဆင့်ရှိသူ စိတ်ပါဝင်စားသူဘယ်သူမဆို တက်ရောက်လေ့လာနိုင်ပါတယ်။

**(၁၂) စာရင်းသွင်းထားတဲ့ ကျောင်းသားတွေထဲက တက်ရောက်ခွင့်ရကျောင်းသားတွေကို ဘယ်လိုရွေးချယ်သွားမှာပါလဲ။**

လျှောက်လွှာတင်သွင်းလာတဲ့ ကျောင်းသားတွေထဲက သက်ဆိုင်ရာ သင်တန်းတွေအတွက် သတ်မှတ်ထားတဲ့ အချက်အလက်တွေနဲ့ ကိုက်ညီမှုရှိမှသာရွေးချယ်လက်ခံသွားမှာဖြစ်ပါတယ်။ အထူးသဖြင့် အမှန်တကယ်စိတ်ဝင်စား လိုလားသူတွေကို ရွေးချယ်သွားမှာဖြစ်ပါတယ်။

**(၁၃) ရွေးချယ်ခံရတဲ့ သင်တန်းသားတွေအနေနဲ့ ရွေးချယ်ခံရတာကို ဘယ်လိုသိနိုင်မလဲ။**

ရွေးချယ်ခံရတဲ့ သင်တန်းသားတွေကို MPT က ဆက်သွယ်ပေးသွားမှာဖြစ်ပြီး ဝင်ရောက်အသုံးပြုနိုင်မဲ့ သုံးစွဲသူအကောင့်တစ်ခုစီရရှိမှာဖြစ်ပါတယ်။ အဲဒီမှာ Username နဲ့ Password ကို SMS ကနေတစ်ဆင့် ပေးပို့သွားမှာဖြစ်ပါတယ်။

**(၁၄) SMS က တစ်ဆင့် Username နဲ့ Password ရပြီးသူသင်တန်းသားတွေအနေနဲ့ သင်တန်းတက်ရောက်ဖို့ ဘယ်လိုဆက်လက်လုပ်ဆောင်ရမှာလဲ။**

SMS က တစ်ဆင့် Username နဲ့ Password ရပြီးသူသင်တန်းသားတွေအနေနဲ့ MPT CSR E-Learning Program ဝက်ဘ်ဆိုက်လင့်ခ် (သို့) အက်ပ်ထဲ ဝင်ရောက်ပြီး မိမိ

လျှောက်လွှာတင်သွင်းထဲက ဖြည့်သွင်းထားတဲ့ ဖုန်းနံပါတ်သို့ OTP တစ်ခါသုံးကုဒ်ကို SMS ကနေပေးပို့ပြီး log in ဝင်မှသာ သင်တန်းများဝင်ရောက်လေ့လာနိုင်မှာဖြစ်ပါတယ်။

**(၁၅) ဒီအစီအစဉ်မှာ ကျောင်းသားတွေအနေနဲ့ တတ်မြောက်မှု စစ်ဆေးခံရမှာလား။**

မိမိတက်ရောက်လေ့လာထားတဲ့ သင်တန်းတစ်ခုပြီးဆုံးတာနဲ့ သင်တန်းနဲ့ပတ်သက်တဲ့ အမေးအဖြေမေးခွန်းများကို ဝင်ရောက်ဖြေဆိုနိုင်မှာဖြစ်ပါတယ်။

**(၁၆) ကျောင်းသားတွေအနေနဲ့ အောင်လက်မှတ်ရမှာလား။ အောင်လက်မှတ်ရဖို့ စာမေးပွဲအမှတ် ဘယ်လောက်ရဖို့လိုအပ်လဲ။**

အမေးအဖြေမေးခွန်းများကို ဝင်ရောက်ဖြေဆိုပြီး စုစုပေါင်းအနည်းဆုံးအမှတ် ၉၀ ကျော်တာနဲ့ သင်တန်းတက်ရောက်ကြောင်း လက်မှတ်ထုတ်ယူနိုင်မှာဖြစ်ပါတယ်။

**(၁၇) MPT CSR အီလက်ထရွန်းနစ်နည်းပညာသုံး ပညာရေးပလက်ဖောင်းမှာ လက်ရှိသင်တန်းတွေအပြင် အခြားသင်တန်းတွေရော ဆက်လက်တိုးချဲ့သွားဖို့ရှိပါသလား။**

လက်ရှိမိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်တာအပြင် နောက်ထပ်သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် မိတ်ဖက်အဖွဲ့အစည်းတွေကို ထပ်မံတိုးချဲ့ကာ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပြီး လူငယ်တွေအတွက် ပညာရေး နဲ့ အသက်မွေးဝမ်းကြောင်းကဏ္ဍတွေမှာ အကန့်အသတ်မဲ့အခွင့်အလမ်းတွေ ဖော်ဆောင်ပေးနိုင်ဖို့ရည်ရွယ်ထားပါတယ်။